# ACC Against COVID-19




## အစီအစဉ် (၁၁၉)

## “အခက်အခဲကြားမှ ခေါင်းဆောင်မှုပြုခြင်း”

တင်ပြသူ

ဒေါ်အိအိထွေး ၊ ဒေါ်သုသုဟန် (ACC Myanmar)

COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုသည် ကမ္ဘာတစ်ဝှမ်းတွင် ဆက်လက်ကြီးထွားလာသည်နှင့် အမျှ စီးပွားရေး၊ အစိုးရနှင့် အခြားနယ်ပယ်မှ ခေါင်းဆောင်များသည် မကြုံစဖူး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ COVID-19 ကပ်ရောဂါသည် ပြည်သူ့ကျန်းမာရေး သာမက ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်းပေါ်သို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပါသည်။ COVID-19 ကြောင့် လုပ်ငန်းရှင်သန်ရပ်တည်နိုင်ရန် ကြိုးစားနေရချိန်တွင် ကိုယ်ဆုံးဖြတ်လိုက်သည့် အရာတစ်ခု ဆန့်ကျင်ဘက်ရလဒ် ရရှိသွားနိုင်သည့် အခြေအနေရှိသည့်အတွက် ခေါင်းဆောင်များအနေနဲ့ သတိကြီးစွာထားပြီး ဆုံးဖြတ်နေရသည့် အခြေအနေမျိုးဖြစ်ပါသည်။






ခေါင်းဆောင်မှုအကြောင်း ပြောကြသည့်အခါတွင် လွှမ်းမိုးမှုမှာ ပါဝင်လာပြီ ဖြစ်ပါသည်။

လွှမ်းမိုးမှုဟုဆိုရာတွင် ရာထူးအဆင့်နှင့် လွှမ်းမိုးမှုရှိသလို အရည်အချင်းနှင့်လည်း လွှမ်းမိုးမှုရှိပါသည်။

အမှန်တကယ်ခေါင်းဆောင်မှု၏ ဩဇာလွှမ်းမိုးမှုစွမ်းရည်ဆိုသည်မှာ ရာထူးအာဏာတစ်ခုထက် ပိုပါသည်။





ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာစေရန် ဩဇာလွှမ်းမိုးမှုကို လေ့ကျင့်တည်ဆောက်ယူ၍ ရနိုင်ပါသည်။ Harvard Business School အထွေထွေစီမံခန့်ခွဲရေးအဖွဲ့မှ ပါမောက္ခများသည် အကောင်းနှင့် အကောင်းဆုံးကို ကွဲပြားခြားနားစေသော ခေါင်းဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် အရည်အသွေးများကို မီးမောင်းထိုးပြထားပါသည်။ ထူးကဲသော ခေါင်းဆောင်များသည် ရှုပ်ထွေးသော ကိစ္စရပ်များကို စကားလုံးနည်းနည်း စာကြောင်းတိုတိုဖြင့် ရှင်းလင်း ပြတ်သားစွာ ပြောဆိုနိုင်ပါသည်။






စီးပွားရေးစီမံခန့်ခွဲမှု ပါမောက္ခ Clayton Christensen ၏အဆိုအရ ထူးကဲသော ခေါင်းဆောင်များသည် နားထောင်ပေးခြင်း၊ ရှုထောင့်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားခြင်း၊ တန်ပြန်ခေတ်ရေစီးကြောင်းများနှင့် ဆန့်ကျင်ဘက်အမြင်များကို နားလည် သဘောပေါက်ခြင်း၊ ဝေဖန်သူများထံမှ လေ့လာခြင်း၊ လျင်မြန်စွာ ပြောင်းလဲသွားနိုင်သည့် ဦးတည်ရာလမ်းကြောင်း များကို သတိထားခြင်း၊ စသည့် အရည်အချင်းများရှိကြပါသည်။ ထို့နောက် လျင်မြန်ပြတ်သားစွာ ပြုမူဆောင်ရွက်ခြင်းဖြင့် ၎င်းတို့သည် ပိုမိုကောင်းမွန်သော လက်နက်ကိုင်များ ဖြစ်လာကြသည်။





ခေါင်းဆောင်ကောင်းတစ်ဦး၏

အဓိကလက္ခဏာမှာ နောက်လိုက်များအပေါ်

လေးစားခြင်း ဖြစ်ပါသည်။

ခေါင်းဆောင်တစ်ဦးအနေဖြင့်

ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုအပ်ပါသည်။








အထူးသဖြင့် ယခုကဲ့သို့ COVID-19 ကပ်ရောဂါကာလအတွင်းမှာ ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်တည်ကြည်မှုရှိရန် လိုအပ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် အထက်နှင့်အောက် ဆက်ဆံရေးကို ပိုမိုအားကောင်းလာစေပြီးမိမိအပေါ်တွင်လည်း လက်အောက်ငယ်သားများမှ ယုံကြည်မှုရှိလာမည် ဖြစ်ပါသည်။

ခေါင်းဆောင်တိုင်းသည် ဥယျာဉ်မှူးစိတ်ဓာတ်ထားရှိရမည် ဖြစ်ပါသည်။ ယခင် CEO ဖြစ်သော Chester A. Huber နှင့် စီးပွားရေးစီမံခန့်ခွဲမှု ဝါရင့်နည်းပြတို့မှ ဆွေးနွေးထားရာတွင် ခေါင်းဆောင်ကောင်းများသည် မိမိတို့အဖွဲ့၏ အကောင်းဆုံးလုပ်ဆောင်မှုတို့အား အသိအမှတ်ပြုပေးခြင်း၊ အဖွဲ့သားများ၏ ကျွမ်းကျင်မှုကို အားပေးလှုံ့ဆော်ခြင်း၊ ယုံကြည်မှုနှင့်အတူ ပြတ်သားစွာ လုပ်ဆောင်နိုင်သော အရည်အသွေးရှိခြင်း၊ နောင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အဖွဲ့အစည်း၏ အရည်အသွေးကို တိုးမြှင့်ပေးကြသည့် အရည်အချင်းများ ရှိကြပါသည်။





ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်မှုတို့သည် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် အဓိကသော့ချက် ဖြစ်ပါသည်။ ခေါင်းဆောင်မှုအပိုင်းတွင် Integrity သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ “Integrity” သည် လက်တင် ဘာသာစကား “Integritas” မှ ဆင်းသက်လာခြင်းဖြစ်ပါသည်။



ဖြောင့်မတ်တည်ကြည်မှုမရှိသော ခေါင်းဆောင်သည် ယုံကြည်မှုတည်ဆောက်နိုင်မည် မဟုတ်ပါ။ မယုံကြည်ထိုက်သော ခေါင်းဆောင်တစ်ဦးသည် အများကိုလွှမ်းမိုးမှု မပြုနိုင်ပါ။ ထို့ကြောင့် ဖြောင့်မတ်တည်ကြည်ခြင်းသည် ခေါင်းဆောင်တိုင်းအတွက် အရေးကြီးပါသည်။ ဖြောင့်မတ်တည်ကြည်မှုရှိလေ မိမိ၏ဩဇာအရှိန်အဝါသည် လွှမ်းမိုးနိုင်လေဖြစ်ပြီး၊ ဖြောင့်မတ်တည်ကြည်မှု လျော့နည်းလေ ဩဇာအာဏာသက်ရောက်မှု နည်းပါးလေ ဖြစ်ပါသည်။








လမ်းညွှန်နိုင်သူသည်
လွှမ်းမိုးနိုင်သူဖြစ်ပါသည်။
ခေါင်းဆောင်တစ်ဦးသည် ပန်းတိုင်ကို
သိမြင်နေရပါမည်။ သိမြင်နေရုံသာမက
ပန်းတိုင်ကိုလည်း သွားနေရမှာ ဖြစ်ပါသည်။
ပန်းတိုင် သွားနေရုံသာမက
တခြားသူများကိုလည်း လမ်းညွှန်မှု
ပေးနိုင်ရပါမည်။ အခက်အခဲကြားမှ
လွတ်မြောက်အောင်လည်း
လမ်းညွှန်ပေးနိုင်ရမှာ ဖြစ်ပါသည်။



အောင်မြင်သော ခေါင်းဆောင်များသည် ဓမ္မဓိဋ္ဌာန်ကျသော လုပ်ဆောင်ချက်များကို မိမိတို့၏ အဖွဲ့အစည်းအတွင်း မကြာခဏ ကျယ်ကျယ်ပြန့်ပြန့် ပြောပြသင့်ပါသည်။ မှန်ကန်သည့်လမ်းကို ညွှန်ကြားပြသနိုင်ရန် အရေးကြီးပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ပေါင်းစည်းမှုနှင့် ဖြစ်နိုင်ချေရှိသော အမြင့်ဆုံးအဆင့်ထိ အောင်မြင်ရန် စီမံကိန်းများအား ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အတွက် တာဝန်ခွဲဝေပေးမှုများကို ပါမောက္ခ Joseph B. Fuller ၏ ဆွေးနွေးချက်မှ ဖော်ပြထားပါသည်။





ခေါင်းဆောင်ကောင်းများသည်
မိမိတစ်ဦးတည်းက ပြောဆိုညွှန်ကြားနေသူ
မဟုတ်ဘဲ မိမိ အဖွဲ့အစည်း၏ စကားသံ၊
ရင်တွင်းခံစားချက်များကိုပါ
နားထောင်ပေးရမှာ ဖြစ်ပါသည်။
အခြားသူများ၏ ရှုထောင့်များမှလည်း
တွေးမြင်ပေးရမှာ ဖြစ်ပါသည်။ လူများသည်
သူတို့အား နားလည်ပေးသူ၊ ကိုယ်ချင်းစာသူ၊
သူတို့အမြင်ကို နားလည်ပေးတဲ့သူ အပေါ်တွင်
ချစ်ခင်နှစ်သက်ကြပါသည်။
နားလည်မှုပေးနိုင်ခြင်းသည် လူတွေကို
နှလုံးသားနဲ့ ချည်နှောင်ထားလိုက်ခြင်း
ဖြစ်ပါသည်။










အလားတူပင်

ခေါင်းဆောင်တစ်ယောက်ဆိုသည်မှာ

လက်အောက်ဝန်ထမ်းများ၏ စံနမူနာထားရာ

တစ်ခုဖြစ်ပါသည်။

ထို့ကြောင့်ခေါင်းဆောင်ကောင်း

တစ်ယောက်ဆိုသည်မှာ အခြားသူများ

အတွက် စံပြဖြစ်နေဖို့ လိုပါသည်။

စည်းကမ်းကို လေးစားသည့်

ခေါင်းဆောင်ရှေ့တွင် မည်သူမျှ စည်းကမ်းကို

ပေါ့ပေါ့သေးသေး မယူဆဝံ့ပါ။

ခေါင်းဆောင်မှုဆိုင်ရာ
အကောင်းဆုံးလက်စွဲစာအုပ်တွင်
အောင်မြင်သော ခေါင်းဆောင်ကို
မြင့်မားသော စံနှုန်းများချမှတ်သူ၊
ဂရုစိုက်မှုကိုဖော်ပြသောသူဟု
အဓိပ္ပာယ်သတ်မှတ်ထားကြောင်း ကို Baker
Foundation ပါမောက္ခနှင့် What Great
Service Leaders Know and Do ၏ တွဲဖက်
စာရေးဆရာ Leonard A. Schlesinger မှ
ဖော်ပြထားပါသည်။





ဩဇာကြီးမားသည့် ခေါင်းဆောင်တိုင်းသည် လုပ်ပိုင်ခွင့်ကို
ဆုပ်ကိုင်ထားသူများ မဟုတ်ကြပါ။ ၎င်းတို့သည် အခြားသူများအား
ခေါင်းဆောင်မှုအမွေ လွှဲပြောင်းပေးလေ့ ရှိကြပါသည်။
ဦးဆောင်မှုအရည်အချင်းကို မျှဝေတတ်ကြပါသည်။





စင်စစ်ခေါင်းဆောင်များ၏ အဓိကလုပ်ငန်းစဉ်မှာ နောက်လိုက်မွေးခြင်းမဟုတ်ဘဲ ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာအောင် မွေးထုတ်ပေးခြင်း ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းများသည် ၎င်းဦးဆောင်နေသည့် နောက်လိုက်များကို ခေါင်းဆောင်များ ဖြစ်လာအောင် ပံ့ပိုးပေးပါသည်။ ထိုကဲ့သို့ ခေါင်းဆောင်များသည် နောက်လိုက်များ၏ ခေါင်းဆောင်မဟုတ်ဘဲ အနာဂတ်တွင် ဦးဆောင်မည့်သူများ၏ ခေါင်းဆောင်ကောင်းများ (သို့မဟုတ်) ကြီးမြတ်သူများ ဖြစ်ကြပါသည်။






Reference


- ❖ ဖူးကျော်ဇင် (စစ်မှန်စွာ လွှမ်းမိုးနိုင်ခြင်း)
- ❖ www. Businessnewsdaily.com
- ❖ Covid-19 : The toughest leadership test
- ❖ https://hbswk.hbs.edu/item/6-traits-that-set-top-business-leaders-apart

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာဖြောင့်မတ်တည်ကြည်မှုရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးကဏ္ဍ၏ အထူးအစီအစဉ်အနေနှင့် “ ACC Against COVID–19” ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ်အသီးသီးမှ ပညာရှင်များရေးသားထားသောဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါအကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်းမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

A special program “ ACC Against COVID–19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.